# အမျိုးသမီးများအဖွဲ့ ချုပ် [မြန်မာနိုင်ငံ]
# Women's League of Burma

## သတင်းထုတ်ပြန်ချက်

ဇူလိုင်လ ၈ ရက်နေ့ ၂၀၀၆ ခုနှစ်

### နအဖ၏"အမျိုးသမီးများနေ့"ဝါဒဖြန့်ချီရေးသည် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင်၊ ဆက်လက်ပြုကျင့်နေသော အနိုင်ကျင့်ချိုးဖောက်မှုများနှင့်ပတ်သက်၍ အမျိုးသမီးများ၏သက်သေထွက်ဆိုချက်များနှင့် လုံးဝကွဲလွဲနေခြင်း

အတင်းအဓမ္မနေရာရွှေ့ပြောင်းမှုနှင့် အောင်မြင်ထိရောက်မှုမရှိသော မူးယစ်ဆေးဝါးပေါ်လစီများကြောင့် ဒုက္ခခံစားနေရသည့် အမျိုးသမီးများ၏ သက်သေထွက်ဆိုချက်များကို ထပ်မံဖြည့်စွက်လိုက်သော မကြာသေးမီက နအဖစစ်တပ်၏ မုဒိန်းကျင့်မှုများနှင့် လိင်ပိုင်းဆိုင်ရာ ကျွန်ပြုမှု အထောက်အထားများက ဇူလိုင်လ (၃) ရက်နေ့မှစ၍ မြန်မာနိုင်ငံရှိ နအဖစစ်အစိုးရက လက်ကိုင်ဒုတ်အဖြစ် သုံးနေသော ဒေသခံအမျိုးသမီးရေးရာ အဖွဲ့အစည်းများထုတ်ပြန်ခဲ့သည့် "မြန်မာအမျိုးသမီးများနေ့" အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်များမှာ တလွဲစီ ဖြစ်နေကြောင်း ပြသနေသည်။ ၎င်းတို့၏ ထုတ်ပြန်ကြေညာချက်များက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် အတင်းအဓမ္မရွှေ့ ပြောင်းခိုင်းများနှင့် ပတ်သက်၍ အမျိုးသမီးများအဖွဲ့ချုပ် အဖွဲ့ဝင် အမျိုးသမီးအဖွဲ့အစည်းများက ထုတ်ဝေခဲ့သော အစီရင်ခံစာများကို ငြင်းပယ်ထားသည်။

နိုင်ငံတကာ အစီရင်ခံစာများစွာက လက်ရှိ ကရင်ပြည်နယ်အတွင်း ရွာသူရွာသားပေါင်း (၁၈၀၀၀)ကျော်ကို အိုးမဲ့ အိမ်မဲ့ နေရာမဲ့ ဖြစ်စေခဲ့သည့် အရပ်သားပြည်သူများကို ဦးတည်တိုက်ခိုက်ခြင်းနှင့် ပတ်သက်၍ အသေးစိတ် ဖေါ်ပြခဲ့ပြီးဖြစ်သည်။ အမျိုးသမီးများနှင့်ကလေးငယ် အများစုပါဝင်သော ထိုင်းမြန်မာနယ်စပ်သို့ထွက်ပြေးရောက်ရှိလာသည့် ဒုက္ခသည်များသည် စစ်အစိုးရလုပ်ဆောင်နေသည် အတင်းအဓမ္မ ရွှေ့ပြောင်းစေသည့် ပေါ်လစီကို ထင်ထင်ရှားရှား ပြသနေသော သက်သေအထောက်အထားပင် ဖြစ်သည်။

တချိန်တည်းမှာပင်၊ မြန်မာနိုင်ငံရှိ အခြားသောနေရာဒေသများတွင်လည်း စစ်အစိုးရတပ်များ၏ နိုင်ထက်စီးနင်းကျူးလွန်မှုများ ဆက်လက်ဖြစ်ပွားနေသည်။ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီနှင့် ဧပြီလအတွင်း ရှမ်းပြည်အလယ်ပိုင်း၊ မိုင်းကိုင် မြို့နယ်ရှိ ပလောင်ရွာ (၆) ရွာတွင် အနည်းဆုံး ပလောင်အမျိုးသမီး (၂၉) ဦးကို နအဖ ခြေမြန်တပ်ရင်း (၅၁၄)၊ (၅၁၅)နှင့် ခြေလျင်တပ်ရင်း (၆၄)တို့မှ အရာရှိများနှင့် တပ်သားများက အုပ်စုလိုက် မုဒိန်းကျင့်ခြင်း၊ လိင်ကျွန်ပြုခြင်း၊ သေသည်အထိ နှိပ်စက်ခြင်းတို့အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကျူးလွန်ခဲ့သည်။ ထိုရွာ ခြောက်ရွာရှိ ပလောင်အမျိုးသမီးများ ကို ကင်းလှည့်လာသောတပ်သားများက ဖမ်းဆီး၍ တစ်ရက် မှ (၅)ရက်ကြာ ထိန်းသိမ်း၍ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များကို ကျူးလွန်ခဲ့သည်။ ရွာတရွာတွင်၊ စစ်သားများက ခင်ပွန်းယောကျာ်းများအား ကြိုးတုတ်၍ သူတို့၏ ရှေ့တွင်ပင် အမျိုးသမီးများအား အုပ်စု လိုက် မုဒိန်းကျင့်ခဲ့ကြသည်။ အခြားရွာတစ်ရွာတွင် စကားမပြောနိုင်သူ အမျိုးသမီးတစ်ဦးကိုလည်း စစ်သားများက သေသည်အထိ ရိုက်နှက်၍ သူမ၏ အလောင်းအား ရွာပြင်တွင် လွှင့်ပစ်ထားခဲ့သည်။

ထိုမုဒိန်းကျင့်ခံခဲ့ရသူ အမျိုးသမီးများ၊ ထောင်နှင့်ချီ၍အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသူအမျိုးသမီးများ၊ ပလောင်အမျိုးသမီးအစည်းအရုံး၏ "အဆိပ်သင့်သောပန်းများ" အစီရင်ခံစာအတွက် မူးယစ်ဆေးစွဲသူများ၏ ဇနီးများနှင့် မိခင်များ၏ သက်သေထွက်ဆိုချက်များသည် ယနေ့ မြန်မာနိုင်ငံ အတွင်း အမျိုးသမီးများ၏ လက်တွေ့ဘဝကို ထင်ဟပ်ဖော်ပြနေပေသည်။ ဤသက်သေထွက်ဆိုချက်များသည် စစ်အစိုးရ၏ အောင်မြင်ထိရောက်မှု မရှိသောပေါ်လစီများနှင့် ယင်းတို့ ကျူးလွန်နေသော ရာဇဝတ်မှုများကို သက်သေပြသည့် အခိုင်မာဆုံးသော အထောက်အထားများပင် ဖြစ်သည်။

"စစ်အစိုးရက ပြည်တွင်းမှာနေတဲ့ အမျိုးသမီးတွေကို မမှန်မကန် ထွက်ဆိုခိုင်းပြီး သူတို့ရဲ့ရာဇဝတ်မှုတွေကို ဖုန်းကွယ်ဖို့ ကြိုးစားနေတာဟာ ကိုယ့်ကိုယ်ကို လိမ်ညာနေတာဘဲ ဖြစ်တယ်" ဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အထွေထွေအတွင်းရေးမှူး နန်းယဉ်က ပြောပါသည်။ "မြန်မာနိုင်ငံထဲမှာနေတဲ့ အမျိုးသမီးတွေဟာ သူတို့ရဲ့ တွေ့ကြုံခံစား နေရတာတွေကို အန္တရာယ်တွေကြားက ဆက်ပြီး ထုတ်ဖော် ပြောပြကြပါတယ်။ ကျမတို့အနေနဲ့ သူတို့ရဲ့ သက်သေထွက်ဆိုချက်တွေကို ဆက်ပြီး ကောက်ယူစုဆောင်းနေမှာပါ။ ဒီသက်သေအထောက် အထားတွေက မြန်မာနိုင်ငံမှာ အပြောင်းအလဲဖြစ်လာဖို့ အဆုံးအဖြတ်ပေးမယ့် အချက်တစ်ခု ဖြစ်တယ်လို့ ကျမတို့အနေနဲ့ အပြည့်အဝ ယုံကြည်ပါတယ်။" ဟု နန်းယဉ်က ဆက်လက် ပြောဆိုခဲ့သည်။

ဆက်သွယ်ရန် – **နန်းယဉ်** (အထွေထွေအတွင်းရေးမှူး) ဖုန်း– ၆၆ ၉ ၈၅၈၄၆၆၈
**နန်းဆိုင်နောင့်** (သဘာပတိအဖွဲ့ဝင်) ဖုန်း– ၆၆ ၁ ၈၈၄၄၉၆၃
**နော်ခိုင်မာကျော်ဇော** (သဘာပတိအဖွဲ့ဝင်) ဖုန်း– ၆၆ ၅ ၇၃၄၈၈၂၅